
နေဇင်သော်
အပျိုနေသော အရုပ်ကလေး

# အပမှီနေသော အရုပ်ကလေး

(စ/ဆုံး)

သေဆုံးသွားသော သူများ ၏ အေးချမ်းစွာ နားခိုရာ ဖြစ်သော သင်္ချိုင်းမြေထဲသို့ လူတစ်ယောက် လေးတွဲသော ခြေလှမ်းများ ဖြင့် တစ်လှမ်းချင်းလှမ်းကာ ဝင်လာနေသည် ။ ထိုလူသည် ရှပ်အင်္ကျီ လက်ရှည် အဖြူနှင့် နက်ပြာရောင် အကွက်စိပ်စိပ် ပုဆိုးကို လိုက်ဖက်စွာ ဝတ်ဆင်ထားပြီး အရပ်မြင့်မြင့် အသားဖြူဖြူ အသက်၃၀အရွယ် ယောကျ်ား ပီသစွာ ချောမောသောသူ တစ်ယောက် ဖြစ်သည် ။ သူ၏ လက်ထဲတွင် တော့ အဖြူရောင် ဂန္ဓမာပန်းစည်းနှင့် ဝက်ဝံရုပ်လေး တစ်ရုပ် ကိုင်ထားပြီး မျက်ဝန်းတွင် ကျလုကျခင် ဖြစ်နေသော မျက်ရည်စများ ခိုတွဲလို့ နေသည်က သူ၏ ရင်ထဲတွင် တစ်ခုခုကို ဝမ်းနည်းစွာ ခံစားနေရသည့် သဘောကို ဆောင်နေလေသည် ။

ထိုလူသည် တဖြည်းဖြည်း လျှောက် လာပြီး ကပ်ရပ်ပြု လုပ်ထားသော အသစ်စက်စက် အုတ်ဂူနှစ်လုံးနား အရောက်တွင် ခြေလှမ်းတို့ ကို ရပ်တန့် လိုက်သည် ။

ထို့နောက် လက်ထဲတွင် ကိုင်ထားသော ဂန္ဓမာပန်းစည်းကို အုတ်ဂူတစ်ခုပေါ်တွင် တင်လိုက်ပြီး ကျန်သည့် ဝက်ဝံရုပ်လေးကို တစ်ဖက်ခြမ်း

ရှိ အုတ်ဂူပေါ်တွင် တင်ထား လိုက်ပြန်သည် ။ ပြီးလျှင် ထိုအုတ်ဂူတို့ ၏ ရှေ့တွင် ထိုင်ချလိုက်ပြီး စောစောက ကျလုကျခင် ဖြစ်နေသော မျက်ရည်များက အတားဆီးမဲ့စွာ ကျဆင်း လာတော့သည် ။

အတန်ကြာသည် အထိ ထိုလူသည် ရင်မှာ ခံစားနေရသည် ဝမ်းနည်းမှု အပေါင်းကို မျက်ရည်များကျကာ အသံတိတ် ငိုကြွေးပြီးနောက် အဝေးတစ်နေရာကို ငေးမောကာ အိပ်မက်သဖွယ် မထင်မှတ်ဘဲ ဖြစ်ခဲ့ ကြုံခဲ့ရသည့် သူ့ဘဝ၏ ရင်နာဖွယ်ရာ အတိတ်ဆီသို့ ခဏမျှ ပြန်လည်ရောက်ရှိ သွားတော့သည် ။

***

" ငြိမ်ငြိမ်လေးနေပြီး ပြုံးထားမယ်... ဝမ်း... တူး... သရီး..."

ချစ်ဇနီးချောလေး ဝတ်ရည်ချိုနှင့် ချစ်စရာသမီးလေး နွေးနွေးကို မိုးထက်မြင့် တစ်ယောက် မမောနိုင်မပန်းနိုင်ဘဲ ကင်မရာ တစ်လုံးဖြင့် ဓါတ်ပုံတစ်ဖျပ်ဖျပ် ရိုက်ပေး နေလေသည် ။

" ဖေဖေ ခြံထဲမှာ ချည်းပဲ ပုံတွေရိုက်ရတာ ပျင်း လာပြီ ကားလိုက်ပတ် စီးချင်တယ်"

"သမီးလေးကလည်း ဖေဖေက အလုပ်များ တယ်လေ၊ ပင်ပန်းနေမှာပေါ့။ နောက်နေ့ကျရင် မေမေ လိုက်ပို့ပေးမယ်နော် သမီး "

သမီးလေးက အပြင်ထွက်ရန် ပူဆာနေမှုကြောင့် ဝတ်ရည်ချိုက ပြောလိုက်ခြင်း ဖြစ်သည် ။

" ဟာ... မရဘူး၊ သမီးက ဖေဖေရယ် မေမေရယ် သုံးယောက်အတူ ကားလိုက်ပတ် စီးချင်တာ "

"ကိုလိုက်ပို့ပေးပါ့မယ် ဝတ်ရည်ရဲ့ ၊ ဒီနေ့ကို ကို့မိသားစုအတွက်

အချိန်ပေးဖို့ ဆုံးဖြတ်ထားပြီးသား။ အဲဒါကြောင့် သမီးဘယ်သွားချင်တယ် ဘာလုပ်ချင်တယ်ကို အကုန်လုပ်ပေးမှာ ပါ"

"ဟုတ်ပါပြီရှင်..."

" ဝေး... အဲဒါကြောင့် ဖေဖေ့ကို ချစ်တာ "

သူ့ဆန္ဒကို လက်ခံလိုက်သဖြင့် နွေးနွေးလေးမှာ ဝမ်းသာသွားပြီး မိုးထက်မြင့်အား ဖက်ထား လိုက်တော့သည် ။ သမီး ပျော်ရွှင်နေသည် ကို ကြည့်ပြီး ဝတ်ရည်ချိုနှင့် မိုးထက်မြင့်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည် ။

ထို့နောက် ကားဖြင့် သူတို့ မိသားစု သုံးယောက် မြို့ထဲတွင် အတော်အတန်ကြာ သမီးစိတ်ချမ်းသာသည် အထိ မိုးထက်မြင့် ပတ်မောင်း ပေးလိုက်ပြီး သူလည်း အလုပ်ပင်ပန်းထားသဖြင့် စိတ်ခဏ အပန်းဖြေရန် သဘာဝရှုခင်း လှလှလေးများ ရှိရာ မြို့ပြင်ဘက်သို့ မောင်းထွက် လာခဲ့လိုက်သည် ။

မိုးထက်မြင့်သည် ချမ်းသာသော်လည်း သူ၏ ဝါသနာအရ အလှဓါတ်ပုံ ရိုက်သည့်ဆိုင် ဖွင့်ထားပြီး အတော်အသင့်လည်း အောင်မြင် နေသောကြောင့် နားရသည် ဟူ၍ မရှိဘဲ နေ့စဉ်နှင့်အမျှ မင်္ဂလာဆောင် မွေးနေ့ပွဲများက မိုးထက်မြင့်နှင့်သာ ဓါတ်ပုံရိုက်လို ကြသဖြင့် သူကိုယ်တိုင် သွားကာ ဓါတ်ပုံရိုက် ပေးရသည် ။ ဒါကလည်း သူ၏ ဝါသနာဖြစ်သောကြောင့် ပင်ပန်းသော်လည်း ပျော်နေမိသည် ။

အလုပ်များ သော်လည်း သူ၏ မိသားစုကို ပစ်ထားသလို မဖြစ်စေ ချင်သောကြောင့် တစ်လတွင် တစ်ရက်ဆိုသလို မိသားစုနှင့် တစ်နေကုန် နေကာ အခုလို သမီးသွားလိုသည့် နေရာကို လိုက်ပို့ ပေးနေကြပင်။

မြို့ပြင် တစ်နေရာရှိ သဘာဝ ပန်းရိုင်းလေးများ အများ အပြား ပေါက်ရောက်နေသော နေရာတွင် မိုးထက်မြင့် ကားကို ရပ်တန့်လိုက်သည် ။ ထို့နောက် ကားပေါ်မှ သူတို့ မိသားစု သုံးယောက်လုံး ဆင်းလာလိုက်ကြသည် ။

"အခုမှ ပဲ သဘာဝရဲ့ လတ်လတ်ဆက်ဆက် လေတွေကို ရှူရတော့တယ်..."

ပြောရင်း မိုးထက်မြင့်တစ်ယောက် သဘာဝ လေအေးလေးများကို အားရပါးရ ရှူလိုက်သည် ။

"ဟုတ်တယ်နော်ကို၊ ဒီနေရာလေးက အရမ်းသာယာတာပဲ... သမီးလေးလည်း ပျော်နေတဲ့ ပုံပဲ"

ဝတ်ရည်ချိုက သဘာဝ ပန်းရိုင်းလေးများကို ကလေး သဘာဝအရ ပျော်ရွှင်စွာ တစ်ပွင့်ပြီးတစ်ပွင့် ခူးယူနေသော ဖြနှစ်အရွယ် သမီးလေး နွေးနွေးကိုကြည့်ပြီး ပြောလိုက်သည် ။ မိုးထက်မြင့်ကတော့ သူ၏ ဝါသနာအတိုင်း ပါလာသော ကင်မရာဖြင့် ဟိုဟိုဒီဒီချိန်ကာ ဓါတ်ပုံ ရိုက်နေတော့သည် ။

နွေးနွေးသည် ပန်းရိုင်းလေးများကို တစ်နေရာပြီး တစ်နေရာ လိုက်လံ ခူးယူနေစဉ် သူ၏ ခြေထောက်က တစ်စုံတစ်ရာကို နင်းမိသွားသောကြောင့် အောက်ကို ငုံ့ကြည့်လိုက်သည် ။ သူ၏ ခြေထောက်တွင် နင်းမိထားသည် ကား တစ်ပေလောက် ရှိသော ဆံပင်ရှည်လေးနှင့် ဇာပိတ်စဖြင့် ချုပ်ထားသော ဂါဝန်လေးကို ပေးဝတ်ထားသည့် အပေါ်စားကော်အရုပ်မလေး တစ်ရုပ်ပင် ဖြစ်သည် ။ နွေးနွေးလည်း ထိုအရုပ်မလေးကို ကောက်ယူ လိုက်သည် ။

"သမီးရေ လာခဲ့တော့ ပြန်ကြမယ်..."

" လာပြီ မေမေ.."

အိမ်ပြန်တော့မည် ဆိုသဖြင့် နွေးနွေးလည်း ကားဆီသို့ အမြန် ပြန်သွား ရတော့သည် ။ ဝတ်ရည်ချိုက နွေးနွေးလက်ထဲတွင် ကိုင်ထား သော အရုပ်ကို တွေ့သွားပြီး ...

"သမီး လက်ထဲက ဘာကြီးလဲ..."

"အရုပ်လေးပါ မေမေ၊ ဟိုမှာ ကျနေတာ တွေ့လို့ ကောက်လာတာ"

"အခုချက်ချင်း ပစ်လိုက် သမီး... အိမ်မှာ လည်း သမီးလိုချင်တဲ့ အရုပ်မှန်သမျှ မေမေ ဝယ်ပေးထားတယ်လေ"

"ဟင့်အင်း... သမီး ဒီအရုပ်လေးကို ယူပြန်သွားချင်တယ်၊ ဒီမှာ ဆို အရုပ်လေးက အဖော်မဲ့နေမှာ "

" မရဘူး သမီး လွှတ်ပစ်လိုက် အခု"

ဝတ်ရည်ချိုမှာ သမီးကို အခုလို လမ်းမှာ ကျတာတွေကို ကောက်ယူ တတ်တာ မကြိုက်သောကြောင့် အတင်း ပစ်ခိုင်းတော့သည် ။

"မပစ်ဘူး ..."

နွေးနွေးလေးမှာ ထိုအရုပ်ကို ပွေ့ပိုက်ထားကာ အတင်း အော်လိုက် သည် ။

"သမီး မေမေ ပြောနေတယ်လေ လွှတ်ပစ်လိုက်စမ်း "